မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | | | |
|---|---|---|---|---|
| အမှတ် ၃၄] | ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်<br>(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်) | သောကြာနေ့ | [အတွဲ ၇၄ |


ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၄၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်−

| | | |
|---|---|---|
| (၁) | ဒေါ်သန်းသန်းအေး | ကယားပြည်နယ်တရားလွှတ်တော် |
| (၂) | ဦးဇော်ထူး | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၄၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးထွန်းထွန်းဦး ကယားပြည်နယ်တရားလွှတ်တော်

(၂) ဒေါ်သီမာနွယ် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၄၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

**ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်ကုသနိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးများတွင် စွဲဆိုထားသည့် ပြစ်မှုများအတွက် တရားခံများကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်း မရှိသဖြင့် ချုပ်ရက်များ၊ ရှည်ကြာနေသဖြင့်လည်းကောင်း အချို့သော ပြစ်မှုဖြင့် စွဲဆိုခံရသည့် နိုင်ငံသားများ အတွက် သက်ညှာစွာ စဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီက အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုဖြင့် သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ လွှတ်ရမည်-

(က) ရာဇသတ်ကြီးပုဒ်မ ၃၇၉၊ ၃၈၀ နှင့် ၃၇၉/ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ ၃၈၀/ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၄၊

(ခ) သစ်တောဥပဒေပါ ပုဒ်မ ၄၂ နှင့် ၄၃ တို့မှအပ ကျန်ပြစ်မှုတစ်ခုခု၊

(ဂ) လောင်းကစားဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ဃ) ယစ်မျိုးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(င) ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(စ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ နှင့် အားပေးကူညီမှုများ၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) နှင့် အားပေးကူညီမှုများ၊ (မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မ ၂၆ အရ အလေးချိန်သတ်မှတ်ချက် ၃ ဂရမ်ဖြစ်ပါက ၁၀ ဂရမ်နှင့် အောက်သော်လည်းကောင်း၊ ၁၀၀ ဂရမ်ဖြစ်ပါက ၂၀၀ ဂရမ်နှင့် အောက်သော်လည်းကောင်း၊ ဘိန်းစာရွက်အစိုဖြစ်ပါက ၁၀ ကီလိုဂရမ်နှင့် အောက်သော်လည်းကောင်း၊ ဘိန်းစာရွက်အခြောက် သို့မဟုတ် ဘိန်းစာမှုန့် ဖြစ်ပါက ၅ ကီလိုဂရမ်နှင့် အောက်သော်လည်းကောင်း သိမ်းဆည်းရမိမှုများအတွက်သာ)၊

(ဇ) လက်နက်ဥပဒေပုဒ်မ ၁၉ (င)၊

(ဈ) ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ည) ရဲအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ဋ) ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပါ ပြစ်မှုတစ်ခုခု။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၆၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး အမည်ပြင်ဆင် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်တာဝန်များကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး အား အိမ်စောင့်အစိုးရအဖွဲ့ရုံး အမည်ဖြင့် ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၆၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အုပ်ချုပ်ရေးဆိုင်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို ဖွဲ့စည်းခဲ့ပြီး လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ နိုင်ငံတော်တာဝန်များကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သိုမဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စများ တစ်ပြေးညီဖြစ်စေရေးနှင့် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များကို ယှဉ်တွဲပါအတိုင်း ခွဲဝေသတ်မှတ်ပေးလိုက်သည်-

| စဉ် | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဝန်ကြီး | တာဝန် |
|---|---|---|
| (က) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | - ပြည်ထဲရေး<br>- နယ်စပ်ရေးရာ<br>- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>- လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားစသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာကိစ္စရပ်များ |
| (ခ) | စီးပွားရေးရာဝန်ကြီး | - စီမံကိန်းနှင့် ဘဏ္ဍာရေး<br>- ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>- စက်မှု<br>- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး<br>- ဟိုတယ်နှင့် ခရီးသွားလာရေးစသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်သည့် စီးပွားရေးရာကိစ္စရပ်များ |
| (ဂ) | သယံဇာတရေးရာဝန်ကြီး | - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>- လျှပ်စစ်နှင့် စွမ်းအင်<br>- သိပ္ပံနှင့် နည်းပညာစသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်သည့် သယံဇာတရေးရာကိစ္စရပ်များ |

| စဉ် | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဝန်ကြီး | | တာဝန် |
|---|---|---|---|
| (ဃ) | လူမှုရေးရာဝန်ကြီး | - | ပြန်ကြားရေး |
| | | - | သာသနာရေးနှင့် ယဉ်ကျေးမှု |
| | | - | အလုပ်သမား |
| | | - | ပညာရေး |
| | | - | ကျန်းမာရေး |
| | | - | အားကစားနှင့် လူငယ်ရေးရာ |
| | | - | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး စသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်သည့် လူမှုရေးရာကိစ္စရပ်များ |
| (င) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | - | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး |
| | | - | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး |
| | | - | ဆောက်လုပ်ရေး စသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆပ်စပ်သည့် လမ်းပန်းဆက်သွယ်ရေးရာကိစ္စရပ်များ |
| (စ) | တိုင်းရင်းသားရေးရာဝန်ကြီး | - | တိုင်းရင်းသားရေးရာကိစ္စရပ်များ |
| (ဆ) | ဥပဒေချုပ် | - | ဥပဒေရေးရာကိစ္စရပ်များ |

၄။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) များသည် စည်ပင်သာယာရေးဝန်ကြီးများဖြစ်ပြီး ၎င်းတို့အား စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ပေးအပ်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် သတ်မှတ်ပေးထားသည့် တာဝန်များအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှ ပေးအပ်သည့် သီးခြားတာဝန်များကို ထမ်းဆောင်ရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၆၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာဌေးအောင်အား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးတင်မြင့် အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

**ပြောင်းရွှေ့ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် သူရဦးဘိုနီ အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်) ဗုဒ္ဓဟူးနေ့သည် “အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့” ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**COVID-19 ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက်များနှင့် ဆက်စပ်နေသည့် ကြားရက်နှစ်ရက်အား အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ခြင်း**

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၇၊ ၁၈ နှင့် ၁၉ ရက်နေ့တို့သည် စနေနေ့၊ တနင်္ဂနွေနေ့နှင့် အာဇာနည်နေ့၊ ဇူလိုင်လ ၂၁ ရက်နေ့သည် အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့၊ ဇူလိုင်လ ၂၃၊ ၂၄ နှင့် ၂၅ ရက်နေ့တို့သည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် စနေနေ့၊ တနင်္ဂနွေနေ့ အများပြည်သူအလုပ်ပိတ်ရက်များ ဖြစ်ကြပါသည်။ COVID-19 ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြားရက်များဖြစ်သော ဇူလိုင်လ ၂၀ ရက်နေ့နှင့် ဇူလိုင်လ ၂၂ ရက်နေ့တို့ကို အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ကာ ဇူလိုင်လ ၁၇ ရက်နေ့မှ ဇူလိုင်လ ၂၅ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**တရားရုံးစစ်ဆေးဆဲအမှုများ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီက တရားရုံးအသီးသီး၌ တရားစွဲဆိုခဲ့ပြီး ပြီးပြတ်ခြင်းမရှိသေးသော တရားရုံးစစ်ဆေးဆဲအမှုများမှ ပိတ်သိမ်းသင့်သော အမှုများကို ပိတ်သိမ်းနိုင်ရန်အတွက် **တရားရုံးစစ်ဆေးဆဲအမှုများ စိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒေါက်တာသီတာဦး — အဖွဲ့ခေါင်းဆောင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ခ) ဒေါ်ခင်ချိုအုန်း — အဖွဲ့ဝင်
အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဂ) ဒေါ်တင်နွယ်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဃ) ရဲဗိုလ်ချုပ် အောင်အောင် — အဖွဲ့ဝင်
ဒုတိယရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(င) ရဲမှူးချုပ် ဝင်းနိုင် — အဖွဲ့ဝင်
တပ်ဖွဲ့မှူး
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ရဲမှူးကြီး ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မှုခင်းဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဦးချိုဝင်းထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ''တရားရုံးစစ်ဆေးဆဲအမှုများ စိစစ်ရေးအဖွဲ့'' သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ တရားရုံးအသီးသီးရှိ တရားစွဲဆိုခဲ့ပြီး ပြီးပြတ်ခြင်းမရှိသေးသော တရားရုံးစစ်ဆေးဆဲအမှုများမှ ပိတ်သိမ်းသင့်သော အမှုများကို အမှုအမျိုးအစားအလိုက် ခွဲခြားစိစစ်ပြီး ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့နောက်ဆုံးထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ညွှန့်စိုး<br>ပါမောက္ခချုပ်<br>ပြည်နည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (စစ်ကိုင်း)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စန်းစန်းရီ<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ကြီး)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မိတ္ထီလာ)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၃) | ဒေါက်တာ ခင်ထိုက်ထိုက်လွင်<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ကျောက်ဆည်)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ကြီး)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (၄) | ဒေါက်တာ သင်းသုနိုင်<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |

(ဃ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၃)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( င ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

( စ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( ဇ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဋ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ဌ ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

( ဍ ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

( ဎ ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဏ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(န) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား အသိပညာပေးမှုများ၊ ကြိုတင်ကာကွယ်သည့် သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကြီးလေးသောကျူးလွန်မှု (၆) ရပ်အနက် တစ်ရပ်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့များသို့ အသက်မပြည့်သေးဘဲ စုဆောင်းခြင်းမှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ဖွဲ့စည်းထားသည့် “အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ” နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အကြမ်းဖက်ခြင်းခံရသည့် ကလေးသူငယ်များအတွက် ဆေးကုသမှု၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု၊ ဥပဒေရေးရာပံ့ပိုးမှုနှင့် ၎င်းတို့၏ ဘဝရပ်တည်နေထိုင်မှုတို့အတွက် ထောက်ပံ့မှုများပေးရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများ အပါအဝင် UNCTFMR နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဒေသတွင်းရှိ သက်ဆိုင်ရာ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမရှိစေရန် သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ကြည့်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ကော်မတီအနေဖြင့် အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များမှ သွေဖည်ဖောက်ဖျက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာ အရပ်ဘက်၊ စစ်ဘက်ဌာနများသို့ ညှိနှိုင်းအသိပေးပြီး စိစစ်၍ လိုအပ်ပါက အချိန်မီပြုပြင်ဆောင်ရွက်ရန်၊

(ဇ) အဆိုပါ ကျူးလွန်မှုများဖြစ်ပွားပါက တည်ဆဲသက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(ဈ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် ပတ်သက်သည့် ပြစ်မှုများတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်၊

(ည) ကော်မတီအဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်။

၃။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် ကော်မတီ၏ အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၇-၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉၊ ၅-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၉ နှင့် ၁၉-၁၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ" ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဌာနမှူး<br>စစ်မဟာဗျူဟာလေ့လာရေးဌာန<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | လက်ထောက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | ရဲမှူးကြီး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ဌာနခွဲမှူး<br>စည်းမျဉ်းနှင့် ဥပဒေပြုစုရေးဌာနမှူးရုံး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယအထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |

( ဒ ) လက်ထောက်ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ပြန်ကြားရေးဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ်　အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီက ချမှတ်ပေးသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမဖြစ်ပွားစေရေး အသိပညာပေးလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အဖွဲ့အစည်းများ အပါအဝင် ကုလသမဂ္ဂနိုင်ငံအဆင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် သတင်းမီဒီယာများ အသုံးပြုဆောင်ရွက်ရန်၊

(ဃ) သေကျေထိခိုက်ဒဏ်ရာရရှိစေမှုနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရသော ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်လူမှုကူညီပံ့ပိုးမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုများရရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေများအား ပြည်သူလူထုသိရှိစေရန် အများပြည်သူဆိုင်ရာနေရာများ၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦများ စသည့်နေရာများတွင် အသိပေးလှုံ့ဆော်ရန်နှင့် ဆရာဖြစ်သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ရန်၊

( စ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်စေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများအား ဟန့်တားကာကွယ်နိုင်ရေး အသိပညာပေးရန်အတွက် ဆိုင်းဘုတ် (Billboard) အား မြန်မာဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားတို့ဖြင့် စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များအား မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပြုစုဖြန့်ဝေခြင်းတို့ဆောင်ရွက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့် ညွှန်ကြားချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အပြည့်အဝလိုက်နာရေး ကုလသမဂ္ဂနိုင်ငံအဆင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့်ပူးပေါင်း၍ သင်တန်းပေးရန်၊

(ဇ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီမှ ချမှတ်ထားသည့် မူဝါဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဈ) အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တိုင်ကြားမှုအမျိုးအစားအလိုက် ဖြေရှင်းဆောင်ရွက်မှုများအပေါ် သတ်မှတ်ထားသည့် ဥပဒေ၊ အမိန့်/ ညွှန်ကြားချက်များနှင့် ညီ မညီ စောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန်၊

(ည) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များ၊ သတင်းဖော်ပြချက်များကို စိစစ်သုံးသပ်ပြီး သတ်မှတ်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ စောင့်ကြည့်တင်ပြရန်၊

(ဋ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် ညွှန်းကိန်း (Indicator)၊ ရလဒ် (Result)၊ စစ်ဆေးရမည့်အချက် (Check Point) များအား ရေးဆွဲခြင်းနှင့် ဖော်ပြပါအချက်များနှင့်အညီ ဆန်းစစ်ရန်၊

(ဌ) အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုအား အခါအားလျော်စွာ လေ့လာဆန်းစစ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပြင်ဆင်နိုင်ရေးတင်ပြရန်၊

(ဍ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်းများကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင် ဖြည့်စွက်ဆောင်ရွက်ရန်၊

(ဎ) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနောက်ဆက်တွဲပါစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု အတွေ့အကြုံများကို အခြေခံ၍ ကုလသမဂ္ဂနှင့် ပူးတွဲလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရေးအတွက် တစ်ဆင့်တက်လှမ်းရန် ဖြစ်နိုင်ခြေနည်းလမ်းများကို လေ့လာပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ အခြေအနေတင်ပြရန်၊

(တ) လုပ်ငန်းဆောင်ရွက်မှုများအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ (၆) လတစ်ကြိမ် အစီရင်ခံတင်ပြရန်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပုံမှန်တင်ပြရန်နှင့် ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စရပ်များအား တင်ပြရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၂)/၈/သမ္မတရုံးကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့်ကော်မတီ ဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့်ကော်မတီ** ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၁) ဖြင့် သတ်မှတ်ပေးခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကွင်းဆက်ကို ဆက်လက်ဖြတ်တောက် ဟန့်တားထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိအား (ထူးခြားသည့် အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ အပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ် ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကေသီသင် ကို အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း

အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လေးကြိမ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ် ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၄၉၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) ဦးပိုင်မင်းဇံ (တ/၃၇၇၈) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ် အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၅၀၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်စန္ဒာလွင်<br>တ/၃၁၁၇ | သီပေါ<br>ရှမ်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်အေးယုမွန် တ/၃၁၂၂ | ကျွန်းလှ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဒေါ်ရူပါနေဝင်း တ/၃၁၅၄ | သဃ်န်းကျွန်း ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးသော်တာထွန်း တ/၃၂၃၂ | သန်လျင် ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်အေးအေးကျင် တ/၃၃၇၁ | ပုလဲ စစ်ကိုင်းတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

### ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ပယ်ဖျက်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၇/၂၀၂၁) ဖြင့် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ တို့နှင့်အညီ ဆက်လက်လုပ်ဆောင်နိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခဲ့ပါသည်။ ထို့ပြင် မြို့နယ်အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ မြို့နယ်အလိုက်မဲဆန္ဒရှင်စာရင်းများစစ်ဆေးတွေ့ရှိချက်အရမဲမသမာမှုဖြစ်ပွားခဲ့သောမှားယွင်းခဲ့သည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲရုံတိုင်း၌ ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ယင်းမဲလက်မှတ်လျော့နည်းပျောက်ဆုံးခြင်းနှင့် အပိုတွေ့ရှိမှု

များသည် တရားမဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းနှင့် ဆန္ဒမဲလက်မှတ်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | မဲရုံ ပေါင်း | မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | | ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | နိုင်ကတ် မရှိ | (၃) ကြိမ် အထက် | (၂)ကြိမ် | တိုင်း/ပြည်နယ် Cross Check | ၁၀၀ နှစ် အထက် | ၁၈ နှစ် အောက် | မဲမသမာမှု စုစုပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု အရေအတွက် | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ပျောက်ဆုံး | ပို |
| ၁ | ကချင် | ၁၈ | ၉၁၉ | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ | ၁၃၀၁၀၉၄ | ၇၆၁၃၂၄ | ၅၃၉၇၇၀ | ၅၃၆၈၈၉ | ၉၄၄၉ | ၆၅၆၈ |
| ၂ | ကယား | ၇ | ၂၃၃ | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၃၈ | ၄၄ | ၂၉၃၅၆ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |
| ၃ | ကရင် | ၇ | ၈၅၂ | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |
| ၄ | ချင်း | ၉ | ၉၅၇ | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၃၁၄ | ၄၂၇၄၅၅ | ၂၁၈၅၉၅ | ၂၀၈၈၆၀ | ၁၉၆၆၇၃ | ၁၆၇၄၆ | ၄၅၅၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၄၁၀၇ | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ | ၄၈၃၄၀၅၂ | ၃၃၅၈၆၅၉ | ၁၄၇၅၃၉၃ | ၁၄၁၀၂၂၀ | ၁၂၉၅၄၅ | ၆၄၃၇၂ |
| ၆ | တနင်္သာရီ | ၁၀ | ၁၂၀၅ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ | ၁၂၉၉၉၇၂ | ၇၈၇၉၇၆ | ၅၁၁၉၉၆ | ၄၉၅၂၁၉ | ၂၄၀၉၈ | ၇၃၂၁ |
| ၇ | ပဲခူး | ၂၈ | ၄၁၄၄ | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |
| ၈ | မကွေး | ၂၅ | ၄၅၄၈ | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |
| ၉ | မန္တလေး | ၂၈ | ၅၄၄၇ | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ | ၅၄၆၇၈၈၄ | ၃၇၉၂၃၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |
| ၁၀ | မွန် | ၁၀ | ၉၇၃ | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၁၄၇၂ | ၂၀၂၃၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |
| ၁၁ | ရခိုင် | ၈ | ၇၈၄ | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၃၈ | ၃၈၃၇ |
| ၁၂ | ရန်ကုန် | ၄၅ | ၅၈၀၉ | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |
| ၁၃ | ရှမ်း | ၄၉ | ၃၅၉၁ | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၂၃ | ၄၀၂၃၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၃၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | မဲရုံ ပေါင်း | မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | | ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | နိုင်ကတ် မရှိ | (၃) ကြိမ် အထက် | (၂)ကြိမ် | တိုင်း/ပြည်နယ် Cross Check | ၁၀၀ နှစ် အထက် | ၁၈ နှစ် အောက် | မဲမသမာမှု စုစုပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု အရေအတွက် | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ပျောက်ဆုံး | ပို |
| ၁၄ | ဧရာဝတီ | ၂၆ | ၅၇၄၈ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ | ၅၂၃၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၈ | ၆၄၆ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |
| | ပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၁၄၀၅ | ၃၅၉၆၂၀၆ | ၁၀၉၁၇၇၆ | ၂၀၅၆၆ | ၁၄၄၁၂ | ၉၈၈၇၇၉၂ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၁ | ၄၃၈၈၅၀ |
| | တစ်နိုင်ငံလုံး Cross Check | | | | | | ၁၄၁၇၅၉၈ | | | ၁၄၁၇၅၉၈ | | | | | | |
| | စုစုပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၁၄၀၅ | ၃၅၉၆၂၀၆ | ၂၅၀၉၃၇၄ | ၂၀၅၆၆ | ၁၄၄၁၂ | ၁၁၃၀၅၃၉၀ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၁ | ၄၃၈၈၅၀ |

၃။ ထို့ပြင် သက်ဆိုင်ရာ မြို့နယ်အလိုက် မဲစာရင်းများ၊ ဆန္ဒမဲလက်မှတ် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင် အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေ စာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပွားခဲ့ခြင်း၊

(ဂ) မဲစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်း၊

(ဃ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့ဝင်များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ခြင်း၊

(င) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်မဲဆန္ဒပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တွင်လည်းကောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခြင်းကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်း၊

(စ) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူမဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်း၊

(ဇ) မဲရုံတိုင်း၌ မဲစာရင်းများအရေအတွက်များစွာ မှားယွင်းမှုဖြစ်ပေါ်ခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ တမင်ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြု၍ ဝင်ရောက်စွက်ဖက် မလျော်သြဇာသုံးကာ မသမာမှုများဆောင်ရွက်ခဲ့ခြင်း၊

(ည) NLD ပါတီမဟုတ်သည့် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအားလုံးအား အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကိုလည်းကောင်း အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်း၊

(ဋ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းအား တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်း။

၄။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

### နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အထူပြုနိုင်ရန်အတွက် **နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ည) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဋ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

( ဌ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

( ဍ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

၂။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ လှည့်လည်သွားလာရန် သတ်မှတ်ထားသော ဒေသများနှင့် စည်းကမ်းချက်များကို ကမ္ဘာလှည့်ခရီးသည်များ သိရှိစေရေးအတွက် ပြည်တွင်း ပြည်ပတွင် အသိပညာပေးခြင်း၊

( ခ ) ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံခြားသားများ ဆောင်ရန်နှင့် ရှောင်ရန်တို့ကို အသိပညာပေးခြင်း၊

( ဂ ) နိုင်ငံတော်၏ လုံခြုံရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ကို ခံယူလိုက်နာဆောင်ရွက်လာစေရေး အသိပညာပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ/ပိုစတာများကို နိုင်ငံခြားသားများဝင်ရောက်လေ့ရှိသည့် လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များတွင် ကြိုတင်ဖြန့်ဝေအသိပညာပေးထားရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(စ) **ချက်ချင်းဆောင်ရွက်ရန်။** လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန်အချက်များကို ပြုစုထုတ်ဝေခြင်း၊

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ လိုက်နာစောင့်ထိန်းရန်ကိစ္စများကို ထိရောက်စွာ အသိပညာပေးရေးနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၏ အသိပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခြင်း၊

(၂) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အကျိုး၊ အပြစ်များနှင့် ကမ္ဘာလှည့်ခရီးသွားများအား ကြီးကြပ်စောင့်ရှောက်ရေး ပညာပေးရေးဆောင်းပါးများကို သတင်းစာ၊ ဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်း၊

(၃) သင်တန်းများတွင် ကမ္ဘာလှည့်ခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေးသင်ခန်းစာများ ပို့ချခြင်း။

(ဇ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) တက္ကသိုလ်၊ ကောလိပ်များတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပို့ချခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(၂) ရုပ်မြင်သံကြားတွင် ပညာပေးဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ခရီးလှည့်လည်သွားလာရေးဆိုင်ရာ အစီအစဉ်များကို ထည့်သွင်းပြသ ပညာပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | အဖွဲ့ဝင် (၁)<br>တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဋ ) တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိ အဖွဲ့ဝင်

( ဌ ) ကိုယ်စားလှယ် အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့

( ဍ ) တာဝန်ခံအရာရှိ အတွင်းရေးမှူး
မှုခင်းရဲတပ်ဖွဲ့

( ဎ ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး
သတင်းရဲတပ်ဖွဲ့

(ဏ) တာဝန်ခံအရာရှိ အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့

(တ) ကိုယ်စားလှယ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး

( ဒ ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေဆိပ်/လေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ ဗီဇာဖြင့် ဝင်ရောက်လာသူများ၏ ကိုယ်ရေးမှတ်တမ်းများကို ရယူ၍ သတင်းတင်ပြခြင်း၊

( ခ ) Disembarkation Card တွင် တည်းခိုမည့်နေရာအား အမှန်ရရှိရေး စိစစ်ဆောင်ရွက်ခြင်း၊

(ဂ) ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းနှင့် နေခွင့်ကျော်လွန်နေထိုင်သူများကို စိစစ်အရေးယူခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့် ဟိုတယ်၊ မိုတယ်၊ Inn၊ စက်ရုံ၊ အလုပ်ရုံ၊ တည်းခိုခန်း၊ နေအိမ်၊ တရားစခန်းတို့အား စိစစ်အရေးယူခြင်း၊

(င) မသင်္ကာဖွယ် ဟိုတယ်၊ မိုတယ်၊ Inn များကို စောင့်ကြည့်စိစစ်ခြင်း၊

(စ) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် Website များနှင့် Link ပြုလုပ်ပေးထားခြင်း၊

